ခမောင်းတောကျေးရွာ
ပုလောမြို့နယ်၊
မြိတ်ခရိုင်
တနင်္သာရီတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၂)



ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ခမောင်းတောကျေးရွာ၊ ပုလောမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စကားချီး	
	ခမောင်းတောကျေးရွာ သယံဇာတပြမြေပုံ၊ ပုလောမြို့နယ်	
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	
	(က) သီးနှံ စိုက်ပျိုးရေး	
	(ခ) မွေးမြူရေးလုပ်ငန်း	
	(ဂ) ငါးလုပ်ငန်း	
	(ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	
	(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	
	(ခ) ကျေးရွာ မီးလင်းရေး	
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	
၆။	**ပညာရေး**	
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွေထားသည့် ၂၀၁၈/၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


မတ်လ၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ခမောင်းတောကျေးရွာ

ပုလောမြို့နယ်


ခမောင်းတောကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ပုလောမြို့နယ်



ခမောင်းတောကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်

အဖြစ်အပျက်များ	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တောင်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း	မှတ်ချက်
ရာသီဥတု	မိုးနည်း	မိုးများ	မိုးများ	မိုးများ	မိုးများ	မိုးအသင့်တင့်/နေပူ	ဆောင်းမိုးမရွာ နေပူ	ဆောင်းမိုးမရွာ နေပူ	ဆောင်းမိုးမရွာ	ပူပြင်းခြောက်သွေ့	ပူပြင်းခြောက်သွေ့	ပူပြင်းခြောက်သွေ့	
အလုပ်အကိုင်	စပါး၊ ဥယျာဉ်	စပါး၊ ဥယျာဉ်	စပါး၊ ဥယျာဉ်	စပါး၊ ဥယျာဉ်	စပါး၊ ဥယျာဉ်	စပါး၊ ဥယျာဉ်	ဥယျာဉ်	ဥယျာဉ်	ဥယျာဉ်	ဥယျာဉ်	ဥယျာဉ်	ဥယျာဉ်	
လက်လုပ်လက်စားမိသားစုဝင်ငွေရရှိမှု	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	
အသုံးစရိတ်	သင့်	နည်း	နည်း	နည်း	သင့်	သင့်	များ	များ	များ	များ	များ	များ	
ချေးငွေလိုအပ်မှု	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	
ဝမ်းစာဖူလုံမှု	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	
သောက်သုံးရေရရှိမှု	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	
တိရစ္ဆာန်ရောဂါကျရောက်မှု	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	
ကျန်းမာရေး(ဖျားနာခြင်း)	မရှိ	သင့်	သင့်	သင့်	သင့်	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	
သီးနှံရောဂါကျရောက်မှု	မရှိ	မရှိ	သင့်	သင့်	သင့်	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	
ပွဲတော်များ	သင်္ကြန်	ရေသွန်းပွဲ	မရှိ	မရှိ	မရှိ	မရှိ	မီးထွန်းပွဲ	ကထိန်ပွဲ	မရှိ	မရှိ	မရှိ	မရှိ	
သဘာဝဘေး အန္တရာယ်ကျရောက်မှု	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	

ခမောင်းတောကျေးရွာ အဖွဲ့အစည်းချိတ်ဆက်မှုအခြေအနေ



ခမောင်းတောကျေးရွာ ဥစ္စာဓနအဆင့် သတ်မှတ်ချက်

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	ဥယျာဉ်(၁၀ဧကော)	ဥယျာဉ် (၅-၁၀)ဧက	ဥယျာဉ် (၁-၅)ဧက	မရှိ
အိမ်အခြေအနေ	တိုက်၊သွပ်မိုး	ပျဉ်ထောင်	ပျဉ်ခင်း၊ဓနိမိုး	သစ်တိုင်၊ဝါး၊ဓနိမိုး
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	မြက်ရိတ်စက်	မြက်ရိတ်စက်	မြက်ရိတ်စက်	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	ကောင်း	မျှတ	အကြွေးရှိ	ကျဘမ်း
အိမ်ထောင်စု	**၅**	**၁၅**	**၁၉**	**၁၂**

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ခမောင်းတောကျေးရွာသည် မကျည်းကုန်းကျေးရွာအုပ်စု၊ ပုလောမြို့နယ်တွင် ပါဝင်ပါသည်။ မြောက်လတ္တီတွဒ် ၁၂ဒီဂရီ၊ ၅၆မိနစ် ၂၇စက္ကန့်နှင့် အရှေ့လောင်ဂျီတွဒ်၉၈ဒီဂရီ ၄၀မိနစ်၊ ၅စက္ကန့် ကြားတွင်တည်ရှိပြီး အရှေ့ဘက်တွင် ကျောင်းနိမ့်ကျေးရွာ၊ အနောက်ဘက်တွင် မှော်ကြောင်းကျေးရွာ၊ မြောက်ဘက်တွင် လမ်းသေးမော် ကျေးရွာ နှင့်တောင်ဘက်တွင် မင်းထိန်ကျေးရွာတို့နှင့် ထိစပ်လျက်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ခမောင်းတောကျေးရွာသည် ပူနွေးစွတ်စိုသော ရာသီဥတုရှိပြီး၊ အမြင့်ဆုံးပူချိန် (၉၀) ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ (၇၀) ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။ အမြင့်ဆုံးမိုးရေချိန်မှာ (၁၉၅) လက်မဖြစ်ပြီး၊ အနိမ့်ဆုံးမိုးရေချိန်မှာ (၉၅) လက်မဖြစ် ပါသည်။ ခမောင်းတောကျေးရွာတွင် သဲ/ကျောက်များ ထွက်ရှိသဖြင့် ကျောက်မိုင်း လုပ်ကိုင် သည့် လုပ်ငန်းရှင် (၄)ဦးရှိပြီး (၁)ဦးမှာ ကျေးရွာမှ ဖြစ်၍ ကျန်(၃)ဦးမှာ မြို့ပေါ်မှ လာရောက် လုပ်ကိုင်သူများ ဖြစ်ပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်နှင့်သဘာဝအပင်မျိုးစိတ်များမှာ ရှားပါးနေပြီဖြစ်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ခမောင်းတောကျေးရွာတွင် အိမ်ထောင်စုပေါင်း (၅၁) အိမ်ရှိ ပြီး လူဦးရေစုစုပေါင်း (၂၆၉) ဦးရှိပါသည်။ ကျေးရွာတွင် ဖွံ့ဖြိုးမှုပိုင်းအနေဖြင့် တိုးတက်မှု အသင့်အတင့်ရှိ သော ကျေးရွာတရွာဖြစ်ပါသည်။ ခမောင်းတောကျေးရွာ၏ အုပ်ချုပ်မှုစီမံကွပ်ကဲမှုတို့တွင် အမျိုးသမီး ပါဝင်ခြင်းမရှိသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် အဖွဲ့များ အားလုံး စုပေါင်း၍ စည်းလုံးစွာဖြင့်ဆောင်ရွက်ကြပါသည်။ ကျောင်းအကျိုးတော် ဆောင် အဖွဲ့မှာလည်း ကျောင်း၏ လိုအပ် ချက်များနှင့်ကလေးများပညာသင်ကြားရာတွင် အခက်အခဲမရှိစေရန်အလေးထားဆောင်ရွက်နေပါသည်။ ကာလာသား၊ကာလသမီးအဖွဲ့ များသည် ကျေးရွာ၏ သာရေး၊ နာရေး အတူတကွစုပေါင်း လုပ်ကိုင်နေကြပါသည်။

ခမောင်းတောကျေးရွာတွင် လယ်ယာမြေမရှိသဖြင့် စိုက်ဘဏ်ချေးငွေ မရရှိပါ။ သို့သော်လည်း Vision Fund, ရွှေနန်းတော် အဖွဲ့တို့မှ အတိုးနှုန်း (၁.၅)ကျပ်နှုန်းဖြင့် ပိုင်ဆိုင်မှုပြု၍ ထုတ်ချေးပေးလျက်ရှိပါသည်။ သမဝါယမဦးစီးဌာနမှ ငွေစုငွေချေးအဖွဲ့ ဖွဲ့စည်း၍ ချေးငွေထုတ်ချေးပေးလျက်ရှိပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ခမောင်းတောကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ ဥယျာဉ်ခြံမြေ (၅၇)ဧက ရှိပါသည်။ ၂.၅ဧကအောက် ဆင်းရဲသားတောင်သူ (၃၀)အိမ် ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၉) အိမ်ထောင်စုစသည်တို့ ရှိကြပြီး အဓိကအားဖြင့် ဥယျာဉ်ခြံ သီးနှံများ

နှင့်ရာဘာလုပ်ငန်းကို အဓိကအားထား စိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စု၏ (၂၃.၅၃%) ခန့်ရှိပါသည်။ ခမောင်းတောကျေးရွာတွင် အဓိကအား ဖြင့် ဥယျာဉ်ခြံလုပ်ကိုင် လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် ကျောက်ထုတ်လုပ်ရေးလုပ်ငန်း ရှိသဖြင့် နေ့စား လုပ်ကိုင်သူများ ရှိကြပါသည်။ရာဘာချက်လုပ်ငန်း တွင် အစေးခြစ်လုပ်သား အဖြစ် လုပ်ကိုင်နေသူများ လည်းရှိ ပါသည်။ အရောင်းအဝယ်လုပ်ကိုင်နေသူများလည်း အပ်ချုပ်စက်ဖြင့် အသက်မွေး နေသူများ လည်းရှိပါသည်။ ကျန်းမာရေး၊ပညာရေး ၊ပြည်သူ့ ဝန်ဆောင်မှုလုပ်ငန်းများတွင် လုပ်ကိုင်နေသူများ လည်းရှိပါသည်။ **အခြားအသက်မွေးမှု နည်းပညာများ တတ်မြောက်သည့် အိမ်ထောင်စု နည်းပါးသဖြင့် အလုပ်အကိုင် အခွင့် အလမ်းများ နည်းပါးသောကြောင့် တခြားပြင်ပနိုင်ငံများတွင် သွားရောက် လုပ်ကိုင်သည့် ဦးရေ အနည်းငယ် ဝိုများရခြင်း ဖြစ်ပါသည်။**

(ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း

ခမောင်းတောကျေးရွာတွင် ကြက် မွေးမြူရေးအား စီးပွါးဖြစ် မွေးမြူသည့် အိမ် ထောင်စု(၅)စုရှိပြီး ကောင်ရေ(၁၀၀၀)ခန့်ရှိပါသည်။ ခမောင်းတောကျေးရွာတွင် မွေးမြူရေး အတွက် သွင်းအားစုများ လက်လမ်းမီခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ အိမ်ခြံဝင်းအတွင်းမြေနေရာ အသင့် အတင့် ရှိခြင်း၊ ထုတ်ကုန်များ ရောင်းချနိုင်ခြင်းတို့က မွေးမြူရေးအတွက် အခွင့်အလမ်း များဖြစ်ပေါ်စေပါသည်။**ခမောင်းတောကျေးရွာတွင် စားကျက်မြေ မရှိခြင်း၊ နည်းပညာဝန်ဆောင်မှု အလွယ်တကူမရနိုင်ခြင်း၊ ချေးငွေ လုံလောက်စွာ မရရှိခြင်းတို့က မွေးမြူရေးလုပ်ကိုင်ရန် အဟန့်အတားဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် နည်းပညာ ဝန်ဆောင်မှုများ ရရှိရန် လိုအပ်နေပါသည်။**

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ခမောင်းတောကျေးရွာတွင် လျှပ်စစ်မီး ရရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန် ခြင်းတို့က အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ရန် အထောက်အပံ့များဖြစ်စေပါသည်။ ခမောင်း တောကျေးရွာတွင် မည်သည့်ထုတ်ကုတ်မျှထုတ်လုပ်မှုမရှိ ခြင်းနှင့် စျေးကွက်ဆိုင်ရာချိတ် ဆက်မှုအားနည်းခြင်း၊ အသက်မွေးဝမ်းကျောင်းပညာများ လက်လှမ်း မှီမှုအားနည်းခြင်း၊ မိရိုးဖလာဥယျာဉ်ခြံလုပ်ငန်းကိုသာ လုပ်ကိုင်ကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ခမောင်းတောကျေးရွာ၏ သယ်ယူပို့ဆောင်ရေးယာဉ်များ အသုံးပြုမှုမှာ စက်ဘီး၊ မော်တော်ဆိုင်ကယ်၊ ထော်လာကျီ၊ ကားများကိုသာ အများဆုံးအသုံးပြုကြပါသည်။ စက်ဘီး စီးရေမှာ(၃၀)စီး ၊ဆိုင်ကယ်(၅၈)စီး၊ သုံးဘီး/ထော်လာကျီ(၃)စီး၊ မော်တော်ကား (၁)စီး၊ ရှိပြီး ရွာ၏သယ်ယူပို့ဆောင်ရေး တွင် အဓိက အသုံးပြုကြပါသည်။

ခမောင်းတောကျေးရွာတွင် ဟိုင်းဝေးလမ်းမကြီး(၁)လမ်းမှာ ကတ္တရာလမ်း ဖြစ်ပြီး ကောင်းမွန်မှုရှိပါသည်။ ခမောင်တော– ကျောင်းနိမ့် ကုန်ထုတ် လမ်း(၂)မိုင်ခန့် ဆောက် လုပ်ရန် လိုအပ်နေသော်လည်း ခြံပိုင်ဆိုင်များနှင့်ငြိနှီင်း ဆောင်ရွက်ခြင်း မရှိသေးပေ။ ၎င်းလမ်း ကောင်းမွန်လာမည်ဆိုပါက ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများအတွက် အထောက်အကူ ပြုပါသည်။လမ်းသွယ် (၄)လမ်းရှိပြီး (၃၀၀)ပေ (၃)လမ်းနှင့် (၀/၄)မိုင် (၁)လမ်းမှာ ကွန်ကရစ်လမ်း အဖြစ် အဆင့်မြှင့်တင်ရန် လိုအပ်နေပါသည်။ ခမောင်းတော ကျေးရွာသည် ဟိုင်းဝေးလမ်းမကြီးပေါ်တွင် တည်ရှိပါသည်။ ဟိုင်းဝေးလမ်းမကြီးပေါ်၌ ကွန်ကရစ်တံတား(၂)စင်းရှိပြီး ကောင်းမွန်မှုရှိပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ခမောင်းတောကျေးရွာသည် ပုလောမြို့နှင့်(၄)မိုင်အကွာတွင်ရှိသောကြောင့် (ဖိုးသီးချို) ၂၄နာရီမီး ရရှိပါသည်။အဆင်မပြေသော အိမ်ထောင်စုများမှာ ဖယောင်းတိုင်၊ ဆီမီးခွက် များ အသုံးပြုကြပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ခမောင်းတောကျေးရွာသည် ပုလောမြို့နှင့် နီးသော်လည်း တောင်တန်း များဖြင့် ကွယ်နေသောကြောင့် လိုင်းဆွဲအား မကောင်းပါ။ရဲမှူခင်းဖြစ်ပါက ကျေးရွာနှင့် ရဲစခန်းနီး သဖြင့် အချိန်မီရောက်ရှိပါသည်။ အာမခံလုပ်ငန်းများ ဝန်ဆောင်မှုပေးခြင်း မရရှိသေးပါ။ လူထု အခြေပြုသဘာဝဘေးအန္တရာယ်လျှော့ချရေးအစီအစဉ်များမရှိပါ။

၆။ ပညာရေး

ခမောင်းတောကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသားပေါင်း (၆၆)ဦးရှိပါသည်။အလယ်တန်း၊အထက်တန်းကို (၄/၀) မိုင်ဝေးသော ပုလောမြို့ တွင် ပညာသင်ကြားရပါသည်။

ခမောင်းတောကျေးရွာတွင် ကျောင်းသား/သူဦးရေ များပြားလာသည့်အတွက် ကျောင်းဆောင် (၂၄'-၁၀'-၁၂')တိုးချဲ့ရန်နှင့် ကျောင်းဆောင်အဟောင်း (၆၀'-၃၀') အမိုးလဲလှယ်ရန် အထူးလိုအပ်နေပါသည်။ထို့အပြင် ကျောင်းသား/သူများ လုံခြုံစွာ ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းခြံစည်းရိုး(၆၀၀)ပေ ကာရန်ရန် လိုအပ်နေပါသည်။ ကျောင်းသုံးပရိဘောဂများ ဝယ်ယူဖြည့်တင်းရန်နှင့် အားကစားပစ္စည်းများ လုံလောက်စွာ ဖြည့်တင်း ရန် လိုအပ်နေပါသည်။ ဆရာ/မများ လုံလောက်စွာ ဖြည့်တင်းရန်လိုအပ်နေပါသည်။ ကျောင်းအိမ်သာမှာ အသင့်အတင့် ကောင်းမွန်မှုရှိပြီး သောက်သုံးရေမှာ စိမ့်စမ်းရေမှ ရေရရှိသော်လည်း နွေရာသီတွင် ရေအခက်အခဲ အနည်းငယ်ရှိပါသည်။

ခမောင်းတောကျေးရွာတွင် အခမဲ့ပညာရေးစနစ်ကို အကောင်အထည် ဖော်နေသည့် အတွက် ဆင်းရဲသော မိဘစုအတွက်လည်း အခက်အခဲမရှိဘဲ ကျောင်းတက်ခွင့်ရပါ သည်။ မိဘဆရာအသင်းမှာ ပူးပေါင်းပါဝင်မှု အားကောင်းပါသည်။ ကျောင်းသုံး စာအုပ် ၊ စာရေးကိရိယာများလုံလောက်မှုရှိသော်လည်း ကျောင်းသုံးပရိဘောဂနှင့် ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လုံလောက်မှု မရှိပါ။

ခမောင်းတောကျေးရွာတွင် စာမတတ်သည့်ဦးရေ (၀.၃၇%)၊ မူလတန်း အဆင့် ရှိသူဦးရေ(၄၅.၃၅%)၊ အလယ်တန်းအဆင့်ရှိသူ(၂၂.၆၈%)၊ အထက်တန်း အဆင့်ရှိသူ (၂.၂၃%)၊ တက္ကသိုလ်အဆင့်ရှိသူ(၂.၆၀%)ဖြစ်ပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ခမောင်းတောကျေးရွာ ပုလောမြို့နယ် ကျန်းမာရေးအဖွဲ့မှ ကိုယ်ဝန်ဆောင် မိခင်များအတွက် ကာကွယ်ဆေးထိုးခြင်း၊ ကလေးသူငယ်ကာကွယ် ဆေးတိုက် ကျွေးခြင်း၊ အခြားစုပေါင်းကာကွယ်ဆေးထိုးပေးခြင်းနှင့် အာဟာရပညာပေးအစီအစဉ်များ ပြုလုပ်ပေးခြင်းစသည်တို့ကို လုပ်ဆောင်ပေးလေ့ရှိပါသည်။ခမောင်းတောကျေးရွာတွင် ရေတွင်း ၊ အဝိစိတွင်းရေများ မရှိပါ။ ချောင်းရေ မှ စိမ့်စမ်းရေ ကိုယ်ထူကိုယ်ထ သွယ်တန်းသုံးစွဲနေရပြီး နွေရာသီတွင် ရေရှားပါးမှုနှင့် ကြုံတွေ့ရ ပါသည်။ အဝိစိတွင်း (၁)တွင်းရရှိမည်ဆိုပါက ပိုမိုကောင်းမွန်လာပါမည်။ ပုဂ္ဂလိကရေပေးဝေရေးမှ (၁)လ(၅၀၀၀)ကျပ်ဖြင့် ဆောင်နေပါသည်။

ခမောင်းတောကျေးရွာတွင် ယင်လုံအိမ်သာသုံးစွဲသော အိမ်ထောင်စု (၃၆)အိမ်ရှိပြီး ကျန်အိမ်ထောင်စုများမှာ ယင်လုံအိမ်သာတည်ဆောက်ရာတွင် ငွေကြေး ကုန်ကျစရိတ် များပြားခြင်း၊ အသိဉာဏ်ဗဟုသုတအားနည်းခြင်းကြောင့် အိမ်သာများ မတည်ဆောက် ကြပါ။ ထို့ကြောင့် အိမ်တိုင်းစေ့ ယင်လုံအိမ်သာဆောက်လုပ်ကြရန်အတွက် ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ၊ World Vision မှ အိမ်သာများ ထောက်ပံ့ပေးနိုင်ပါရန် သုံးသပ် နွေးဆွေး ကြပါသည်။

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ခမောင်းတောကျေးရွာ၏ စိုက်ပျိုးမြေများမှာ မြေဆီဩဇာ ပြန်လည်ဖြည့်တင်း သည့်စနစ်အား ကျင့်သုံးမှုအားနည်းခဲ့ခြင်းကြောင့် အထွက်နှုန်းနည်းရခြင်း အကြောင်း ရင်းတစ်ခုဖြစ်ပါသည်။ ဖျက်ပိုးကျရောက်မှု အသင့်အတင့်သာရှိသော်လည်း နည်းပညာ ပံ့ပိုးပေးနိုင်သည့် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်မည်ဆိုပါက သီးနှံ ဖျက်ပိုးနှင့် ပတ်သက်၍ အခက်အခဲများ လျော့နည်းနိုင်ပါသည်။ ထို့အပြင် စွန့်ပစ်ပစ္စည်း စီမံ ခန့်ခွဲမှုစနစ်မှာလည်း အားနည်းနေသည်ဖြစ်ရာ စနစ်တကျစွန့်ပစ်ခြင်း၊ အမျိုးအစား အလိုက် ပြန်လည် အသုံးချခြင်းစသည့် စနစ်များအား ဦးဆောင်ဦးရွက်ပြုနိုင်မည့် ကျေးရွာ တွင်း အဖွဲ့အစည်း သို့မဟုတ် ကျေးရွာပြင်ပမှ အဖွဲ့အစည်းများမှ လုပ်ငန်းစဉ် အဆင့်ဆင့် အား ကျေးရွာ သူ/သား များ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ခမောင်းတောကျေးရွာ စီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှု အားနည်း သော်လည်း ကျေးရွာဖွံ့ဖြိုးမှု လုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြောင်း လေ့လာတွေ့ရှိရ ပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသဖြင့် ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

No.	Sector	Subsector	Project Keyword	Project & Activities	Remark
စဉ်	ကဏ္ဍ	ကဏ္ဍခွဲ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁	ပညာရေး	အခြေခံ ပညာရေး ဆိုင်ရာ	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	စာသင်ကျောင်းဆောင်တိုးချဲ့ခြင်း(၂၄'-၁၀'-၁၂') ကျောင်းဆောင်ဟောင်း အမိုးလဲလှယ်ခြင်း (၆၀'-၃၀')	**ပထမ**
၂	အခြေခံအဆောက်အဦ	ကျေးလက်ရေပေးရေး	သောက်သုံးရေ	အဝီစိတွင်းတူးဖော်ခြင်း	ဒုတိယ
၃	ငွေကြေး	အသေးစားငွေကြေးဝန်ဆောင်မှု	အသေးစား	အတိုးနှုန်းသက်သာသော ကာလရှည်ချေးငွေများ လိုအပ်ခြင်း	တတိယ
၄	ပညာရေး	အခြေခံ ပညာရေး ဆိုင်ရာ	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းခြံစည်းရိုး (၆၀၀)ပေ ပြုလုပ်ခြင်း	
၅	ပညာရေး	အခြေခံ ပညာရေး ဆိုင်ရာ	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	အားကစားပစ္စည်းများ လုံလောက်စွာ လိုအပ်ခြင်း	
၆	ပညာရေး	အခြေခံ ပညာရေး ဆိုင်ရာ	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ဆရာ/မ လုံလောက်စွာ ဖြည့်တင်းခြင်း	
၇	ပညာရေး	အခြေခံ ပညာရေး ဆိုင်ရာ	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းသုံးပရိဘောဂများ ဝယ်ယူဖြည့်တင်းခြင်း	
၈	ကျန်းမာရေး	အခြေခံကျန်းမာရေးဝန်ဆောင်မှု ၊ကျေးလက်ကျန်းမာရေး ဝန်ဆောင်မှု၊ကျေးလက်အခြေ	ကျန်းမာရေး၊ပညာပေး၊ကျောင်းကျန်း မာရေး	ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း	

		ပြု၊လူထုအခြေပြုကျန်းမာရေး			
၉	မွေးမြူရေး နှင့်ငါးလုပ်ငန်း မွေးမြူရေးဆေးပညာ	မွေးမြူရေးနှင့် ကုသရေး ပညာပေး၊နည်းပညာ ပြန့်ပွါးရေး	နည်းပညာ	မွေးမြူရေးဆိုင်ရာ နည်းပညာဝန်ဆောင်မှု သင်တန်းများ ၊ဟောပြောပွဲများ လိုအပ်ခြင်း	
၁၀	လူငယ်နှင့်အားကစား	လူငယ့် အရည်အသွေး နှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးစေရေး	လူငယ့်အခွင့်အလမ်း	မူးယစ်ဆေးဝါး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးခြင်း	
၁၁	လူငယ်နှင့်အားကစား	လူငယ်အရည်အသွေးနှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးရေး	အမျိုးသမီး	အမျိုးသမီးများ၏အခွင့်အရေးဆိုင်ရာတရားဥပဒေ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း	
၁၂	အခြေခံအဆောက်အဦ	ကျေးလက် လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း	ကျေးလက် လမ်းတံတား	ခမောင်းတော-ကျောင်းနိမ့်ရွာချင်းဆက်လမ်း (၂/၀)မိုင် ကုန်ထုတ်လမ်း ဆောင်ရွက်ခြင်း	
၁၃	လူငယ်နှင့်အားကစား	လူငယ်အရည်အသွေးနှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးရေး	အမျိုးသမီး	အမျိုးသမီးများ တရားဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲ	
၁၄	အခြေခံအဆောက်အဦ	ကျေးလက်လမ်း၊ရွာချင်းဆက် လမ်း၊တံတား ဆောက်လုပ်ခြင်း	ကျေးလက်လမ်းတံတား	ရွာတွင်းလမ်းသွယ်(၃၅၄၀)ပေ ကွန်ကရစ်လမ်း အဖြစ် အဆင့်မြှင့်တင်ခြင်း	

ခမောင်းတောကျေးရွာ၊ မကျည်းကုန်းကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးအုန်းလွင်	ဦးတင်ရွှေ	ဖ/ပလန (နိုင်) ၀၂၇၂၀၀	၅၃	နာယက	၀၉၈၇၇၀၀၀၁
၂	ဦးနိုင်ရှင်း	ဦးစိုး	-	၅၄	ရပ်မိရပ်ဖ	-
၃	ဦးထွန်းလွင်	ဦးမောင်သောင်း	ဖ/ပလန (နိုင်) ၀၃၈၆၉၇	၄၅	ဥက္ကဋ္ဌ	၀၉၉၅၇၀၇၅၈၄
၄	ဦးခူငယ်	ဦးဖိုးအေး	ဖ/ပလန (နိုင်) ၀၂၃၁၅	၅၃	အတွင်းရေးမှူး	၀၉၄၉၈၈၇၃၅
၅	ဦးသော်ဇင်ဦး	ဦးမြင့်ဦး	ဖ/ပလန (နိုင်) ၀၆၈၀၄၃	၃၄	ဘဏ္ဍာရေးမှူး	၀၉၄၉၆၀၁၈၇၆
၆	ဦးမင်းမင်းစိုး	ဦးအောင်စိုး	-	၃၉	စာရင်းကိုင် (၁)	-
၇	ဦးထွန်းရှိန်	ဦးစိန်	-	၇၂	စာရင်းကိုင် (၂)	-
၈	ဦးကြည်လွင်	ဦးမောင်သောင်း	-	၄၈	အဖွဲ့ဝင်	၀၉၈၆၂၀၁၅၄
၉	ဒေါ်လဲ့လဲ့မိုး	ဦးဝင်းမြင့်	ဖ/ပလန (နိုင်) ၀၆၉၈၄၇	၃၆	အဖွဲ့ဝင်	၀၉၂၅၆၉၃၈၈၀၄
၁၀	ဦးဟန်အေး	ဦးလှစိုး	-	၄၈	အဖွဲ့ဝင်	-
၁၁	ဒေါ်ဝင်းဝင်းရွှေ	ဦးကြာသန်း	-	၄၆	အဖွဲ့ဝင်	-
၁၂	ဒေါ်သန်းထွေး	ဦးဘသင်	-	၅၂	အဖွဲ့ဝင်	-

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၂	၂	၄
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၁၁	၁၀	၂၁
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၃၁	၃၅	၆၆
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၂၅	၁၁	၃၆
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၆၅	၅၉	၁၂၄
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၈	၁၀	၁၈
စုစုပေါင်း		**၁၄၂**	**၁၂၇**	**၂၆၉**
စုစုပေါင်း အိမ်ထောင်စု		**၅၁**		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ ခမောင်းတောကျေးရွာသည် အိမ်ထောင်စု (၅၁)စု ၊ လူဦးရေ(၂၆၉)ဦး ရှိပါသည်။ ခမောင်းတောကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၁.၄၈)%၊ ၅နှစ်အောက်ကလေးငယ်(၇.၈၁)%၊ မူလတန်း ကျောင်းသား အရွယ် (၂၄.၅၄)%၊ အလယ်တန်း ကျောင်း သားအရွယ် (၁၃.၃၈)%၊ အလုပ်လုပ်နိုင်သည့်အရွယ် (၄၆.၁၀)%၊သက်ကြီးရွယ်ကြီးအရွယ် (၆.၆၉%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၅၃.၉၀%)သည် မှီခိုသူများဖြစ်ကြပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅.၂၇) ဦးနှုန်းရှိသော ကြောင့် လူသားအရင်းအမြစ်ကောင်းများ များပြားလာသောကြောင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အရင်းအမြစ်ကောင်းများ ပိုမိုများပြားလာပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**ဥယျာဉ်ခြံလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၂၁	၄၃	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁၀	၁၆	၁၀	မြင့်□လတ်□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-		မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-		မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း			-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း			-	မြင့်□လတ်□နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၅	၆	၁	မြင့်□လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၁	**လက်လီ-လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၆	၈	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း			-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-		မြင့်□လတ်□နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁	၁	၁	မြင့်□လတ်□နိမ့်□
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	၁	မြင့်□လတ်□နိမ့်□
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁	၁		မြင့်□လတ်□နိမ့်□
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁	၁		မြင့်□လတ်□နိမ့်□
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				တက္ကသိုလ်နှင့်နီးသော

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၅	၁၄	၂၀	ကြောင့် ကိုယ်ပိုင် အဆောင်များဖွင့်ခြင်း
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
	စုစုပေါင်း	**၅၁**	**၉၁**	**၃၃**	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "**ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ - "**စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု"**မြင့်**" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ခမောင်းတောကျေးရွာတွင် အဓိကအားဖြင့် ဥယျာဉ်ခြံလုပ်ကိုင်လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် ကျောက်ထုတ်လုပ်ရေးလုပ်ငန်းရှိသဖြင့် နေ့စား လုပ်ကိုင်သူများရှိကြပါသည်။ရာဘာခြံလုပ်ငန်း တွင် အစေးခြစ်လုပ်သားအဖြစ် လုပ်ကိုင်နေသူများ လည်းရှိပါသည်။ အရောင်းအဝယ်လုပ်ကိုင်နေသူများလည်း အပ်ချုပ်စက်ဖြင့် အသက်မွေး နေသူများလည်းရှိပါသည်။ ကျန်းမာရေး၊ပညာရေး၊ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် လုပ်ကိုင်နေသူများလည်းရှိပါသည်။ **အခြားအသက်မွေးမှု နည်းပညာများ တတ်မြောက်သည့် အိမ်ထောင်စု နည်းပါးသဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးသောကြောင့် တခြားပြင်ပနိုင်ငံများတွင် သွားရောက် လုပ်ကိုင်သည့် ဦးရေ အနည်းငယ် ပိုများရခြင်း ဖြစ်ပါသည်။**

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား				
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	၈၀၀၀	၅၀၀၀	၇၀၀၀	၄၀၀၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၁၀၀၀၀	၅၀၀၀	၈၀၀၀	၄၀၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	၁၅၀၀၀	-	၁၀၀၀၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ခမောင်းတောကျေးရွာတွင် အများအားဖြင့် ဥယျာဉ်ခြံလုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင်ကျပြီး လက်လီလက်ကားရောင်းဝယ်သူ အနည်းငယ်သာ လုပ်ကိုင်သူများဖြစ်ကြပါသည်။ကျား၊မလုပ်အားခ နှိုင်းယှဉ်လျှင် ကျားလုပ်အားခက အနည်းငယ်ပိုများပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ		ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ		ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၅၇	ကောင်း ☐	သင့်☑	ညံ့ ☐
နှစ်ရှည်သီးနှံစိုက်ခင်း		ကောင်း ☐	သင့်☑	ညံ့ ☐
ဓနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)
မြေလွတ် မြေလပ်		ကောင်း ☐ သင့်☐ ညံ့ ☐
စုစုပေါင်း	၅၇	☒

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ခမောင်းတောကျေးရွာတွင် ဥယျာဉ်ခြံလုပ်ငန်း လုပ်ကိုင်ပြီး ရာဘာချက်ကာလ၌ အစေးခြစ် လုပ်သားအဖြစ် ဝင်ရောက်လုပ်ကိုင်ကြပါသည်။ ရာသီပေါ်သီးနှံ စိုက်ပျိုးခြင်းမရှိပါ။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ☑ သင့်☐ နည်း☐ မရှိ☐	လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း☑ မရှိ☐	လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း☑ မရှိ☐	လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ခမောင်းတောကျေးရွာတွင် သဲ/ကျောက်များ ထွက်ရှိသဖြင့် ကျောက်မိုင်းလုပ်ကိုင်သည့် လုပ်ငန်းရှင် (၄)ဦးရှိပြီး (၁)ဦးမှာ ကျေးရွာမှ ဖြစ်၍ ကျန်(၃)ဦးမှာ မြို့ပေါ်မှ လာရောက်လုပ်ကိုင်သူများ ဖြစ်ပါသည်။သဘာဝတိရစ္ဆာန်မျိုးစိတ်နှင့်သဘာဝအပင်မျိုးစိတ် များမှာ ရှားပါးနေပြီဖြစ်ပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	ဥယျာဉ်(၁၀၄က)	ဥယျာဉ် (၅-၁၀)၄က	ဥယျာဉ် (၁-၅)၄က	မရှိ
အိမ်အခြေအနေ	တိုက်၊သွပ်မိုး	ပျဉ်ထောင်	ပျဉ်ခင်း၊ဓနိမိုး	သစ်တိုင်၊ဝါး၊ဓနိမိုး
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	မြက်ရိတ်စက်	မြက်ရိတ်စက်	မြက်ရိတ်စက်	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	ကောင်း	မျှတ	အကြွေးရှိ	ကျဘမ်း
အိမ်ထောင်စု	**၅**	**၁၅**	**၁၉**	**၁၂**

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ **ခမောင်းတော**ကျေးရွာ၏အခြေအနေအား ကျေးရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့်ခွဲခြားမှုနည်းလမ်းအရသိရှိခဲ့ရပါသည်။ မြေယာပိုင်ဆိုင်မှုမရှိသည့်အိမ်ထောင်စုများသည် ကျဘမ်းလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၁ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၉	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ____၅_____ လုပ်အားခကြိုယူ = ____၄_____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၉	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၄____ လုပ်အားခကြိုယူ = ____၅_____
၆လ မှ ၁၂ လအထိ	၁	အခြားအစာပြောင်းလဲစား = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
ဝမ်းစာဖူလုံမှု		အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ___ ၁_____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ခမောင်းတောကျေးရွာတွင် ဥစ္စာဓနအဆင့်(၃)နှင့်(၄) အိမ်ထောင်စုပေါင်း၏(၃၀)%စီအား စစ်တမ်းကောက်ယူရာတွင် ကောက်ယူခဲ့ပါသည်။ ၎င်းတို့မှာ ချေးယူခြင်းနှင့် လုပ်အားခ ကိုြုယူခြင်းဖြင့် မိသားစု စားဝတ်နေရေးဖြေရှင်းကြပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၁	၂	၃
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၃		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၂		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၅		

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ခမောင်းတောကျေးရွာတွင် ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု (၃)ရှိသော်လည်း အရေးပေါ်ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီ ကြပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ်☑	နိမ့်☐	မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၂	၄က်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ခမောင်းတောကျေးရွာတွင် လယ်ယာမြေ မရှိသဖြင့် ဆန် ဝယ်ယူ စားသုံးရခြင်း၊မိုးများသည့်အခါ ရေကြီးခြင်း၊မြေပြိုမှု အနည်းငယ်ဖြစ်ပေါ်ခြင်းများ ရှိပါသည်။

(ဇ-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐လတ် ☐☑နိမ့်မရှိ ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ခမောင်းတောကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုများ၊ လက်လုပ်လက်စားလုပ်ကိုင်သူများမှာ သဘာဝဘေးဖြစ်ပါက ထိရောက်မှုများဖြစ်ပေါ်နိုင်ပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိရပ်ဖ	၁☐ ၂☑ ၃☑	၅	–	၅	ပညာရေး☑ ငွေကြေး☐ ကျန်းမာရေး ☑ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☑	ကောင်း ☑ သင့် ☐ ညံ့ ☐
၂	ကာလသား ကာလသမီး	၁☐ ၂☑ ၃☑	၁၀	၂၀	၃၀	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ☑ ညံ့ ☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၃	ကျောင်းအကျိုးတော်ဆောင်အဖွဲ့	၁☐ ၂☑ ၃☑	၁၅	၁၀	၂၅	ပညာရေး☑ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၄	အိမ်ထောင်ဖက်ယောကျ်ားအဖွဲ့	၁☐ ၂☑ ၃☑	၂၀	၄၀	၆၀	ပညာရေး ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၅	ဖြတ်ခွဲစိုပရဟိတအဖွဲ့	၁☐ ၂☑ ၃☐	၅	၅	၁၀	ပညာရေး ☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ☑ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ခမောင်းတောကျေးရွာ၏ အုပ်ချုပ်မှုစီမံကွပ်ကဲမှုတို့တွင်အမျိုးသမီးပါဝင်ခြင်းမရှိသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် အဖွဲ့များအားလုံးစုပေါင်း၍ စည်းလုံးစွာဖြင့်ဆောင်ရွက်ကြပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှာလည်း ကျောင်း၏ လိုအပ်ချက်များနှင့်ကလေးများပညာသင်ကြားရာတွင် အခက်အခဲမရှိစေရန်အလေးထားဆောင်ရွက်နေပါသည်။ ကာလာသား၊ကာလသမီးအဖွဲ့များသည် ကျေးရွာ၏ သာရေး၊ နာရေး အတူတကွစုပေါင်းလုပ်ကိုင်နေကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	Vision Fund	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ငွေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂	ရွှေနန်းတော်	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ငွေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
3	World Vision	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☑ငွေကြေး☐ ကျန်းမာရေး☑ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –မမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ခမောင်းတောကျေးရွာတွင် လယ်ယာမြေမရှိသဖြင့် စိုက်ဘဏ်ချေးငွေ မရရှိပါ။ သို့သော်လည်း Vision Fund, ရွှေနန်းတော် အဖွဲ့တို့မှ အတိုးနှုန်း (၁.၅)ကျပ်နှုန်းဖြင့် ပိုင်ဆိုင်မှုပြု၍ ထုတ်ချေးပေးလျက်ရှိပါသည်။ သမဝါယမဦးစီးဌာနမှ ငွေစုငွေချေးအဖွဲ့ ဖွဲ့စည်း၍ ချေးငွေထုတ်ချေးပေးလျက်ရှိပါသည်။

(ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၂	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၃၀	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၉	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	-	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	-	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၅၁**	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ခမောင်းတောကျေးရွာတွင် ဥယျာဉ်ခြံမြေပိုင်ဆိုင်သော မြေယာမဲ့ အိမ်ထောင်စု (၁၂)စုရှိပြီး ဆင်းရဲသားတောင်သူ(၃၀)စု၊တောင်သူငယ်(၉)စုရှိပါသည်။ ၁၀ဧက အထက် ပိုင်ဆိုင်သည့်အိမ်ထောင်စုများမရှိပါ။

(၂) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	✓	တစ်နှစ်ပတ်လုံး☑ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐
၂	ရေလွှဲဆည်	✓	တစ်နှစ်ပတ်လုံး☑ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐
၅	အဝီစိတွင်း	-	တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐
၆	လက်ဝင်ရေတွင်း	-	တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐
၇	စိမ့်စမ်းရေ	✓	တစ်နှစ်ပတ်လုံး☑ရာသီအလိုက်☐	ရှိ☑ မရှိ☐ မဖြေဆိုပါ☐

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာရွေးရန်)
			မဖြေဆိုပါ☐	
၈	ချောင်းရေ	✓	တစ်နှစ်ပတ်လုံး☑ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☑ မရှိ☐ မဖြေဆိုပါ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ခမောင်းတောကျေးရွာတွင် ရေအရင်းအမြစ်ရှိသော်လည်း ရေသွင်းစိုက်ဧရိယာမရှိပါ။ အဘယ်ကြောင့်ဆိုသော် လယ်သမားများမရှိသောကြောင့်ဖြစ်ပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့် ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
ရာဘာ	၃၀	ပေါင်	၅၀၀	၇၀၀	၆၀၀	အောက်	မေ	မြင့်☑လတ်☐နိမ့်☐	မြင့်☐လတ်☑နိမ့်☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ခမောင်းတောကျေးရွာ၏ စိုက်ပျိုးမြေမှာ အသင့်အတင့်ရှိပါသည်။အထွက်နှုန်း ရာသီဥတု မိုးလေဝသအလိုက် ပြောင်းလဲပါသည်။ထိုအပင်မှာ နှစ်ရှည်ပင်ဖြစ်သဖြင့် သွင်းအားစုပိုင်းတွင် များပြားပါသည်။ အမြတ်ရရှိနိုင်သည် ဈေးကွက်အပေါ် မူတည်ပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်	–	–	–	–
လက်တွန်းထွန်စက်	–	–	–	–
အစေ့ချ ကိရိယာ	–	–	–	–

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ရိတ်သိမ်းခြွေလှေ့စက်	–	–	–	–
ရိတ်သိမ်းစက်	–	–	–	–
ခြွေလှေ့စက်	–	–	–	–
ရေစုပ်စက်	၆	–	–	–
ခြေနင်းရေတင်စက်	–	–	–	–
မြက်ရိတ်စက်	၃၀	–	–	–

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ခမောင်းတောကျေးရွာတွင် လယ်ယာစိုက်ပျိုးခြင်းမရှိသဖြင့် လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်ခြင်းမရှိပါ။ မြက်ရိတ်စက်များမှာ ရာဘာတောခုတ်ရန် အသုံးပြုကြပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ ကောင်း သင့်တင့်မျှတ☑ မဖြေဆိုပါ☐
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ မဖြေဆိုပါ☑
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ အသင့်အတင့်ရှိ☑ မဖြေဆိုပါ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ အသင့်အတင့်ရှိ☑ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☑ မဖြေဆိုပါ ☐
သဘာဝဗေဒဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☑မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☑ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ ✓
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ သီးနှံများကို ရောင်းချနိုင်သည် ✓ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး

ဌာနများ။

လေ့လာတွေ့ရှိချက်။ ခမောင်းတောကျေးရွာတွင် စိုက်ပျိုးရေးအတွက် သီးနှံမျိုးစေ့နှင့် သွင်းအား စုများ ဝယ်ယူရန် မြို့ပြနှင့် နီးခြင်း၊ သီးနှံများကို ရောင်းချနိုင်ခြင်း၊ ချေးငွေရရှိခြင်းတို့က စိုက်ပျိုးရေး လုပ်ကိုင်ရန် အခွင့်အလမ်းများ ဖြစ်ပေါ်စေပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	**ဖော်ပြချက်/ရှင်းလင်းချက်** (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီဩဇာမကောင်း ရာသီဥတုမမှန်☐ မဖြေဆိုပါ☑
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ လယ်ယာမြေဆုံးရှုံးမှုများသည်☐ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည်☐ ပလပ်မြေများရှိသည်☐ ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ☑
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐မဖြေဆိုပါ ☑
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐မဖြေဆိုပါ ☑
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ☐ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ☐မဖြေဆိုပါ ☐
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ☐ အသင့်အတင့်ကျ☑အနည်းငယ်☐ မဖြေဆိုပါ☐

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ခမောင်တောကျေးရွာတွင် စိုက်ပျိုးရေးအရင်းအမြစ်အတွက် ရေအလုံ

အလောက်ရရှိပြီး တိရိစ္ဆာန်ချေးများလည်းရရှိပါသည်။ လယ်ယာမြေ မရှိခြင်း၊ ရာသီပေါ်သီးနှံ စိုက်ပျိုးခြင်းများ မရှိပါ။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	-	-
နို့စားနွား	-	-
ကျွဲ	-	-
မြင်း	-	-
မြည်း	-	-
လား	-	-
ဆိတ်	-	-
သိုး	-	-
ဝက်	-	-
ကြက်	၁၀	၁၅၀၀
ဘဲ	-	-
နွားနောက်	-	-
ငါးလုပ်ငန်း		
ငါးကန်	-	-
ပုဇွန်ကန်	-	-
ဂဏန်း မွေးမြူရေးလုပ်ငန်း	-	-
ရေချို ငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ခမောင်းတောကျေးရွာတွင် ကြက် မွေးမြူရေးအား စီးပွါးဖြစ် မွေးမြူသည့်အိမ်ထောင်စု(၅)စုရှိပြီး ကောင်ရေ(၁၀၀၀)ခန့်ရှိပါသည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	ပေါများ ☐ အသင့်အတင့်☐ မဖြေဆိုပါ ☑
ရေရရှိမှု	အလုံအလောက်ရနိုင် ☐ အသင့်အတင့်ရနိုင်☑ မဖြေဆိုပါ ☐
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ ရနိုင် ☐ မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူ ရနိုင်☑ မဖြေဆိုပါ☐
ချေးငွေ	ချေးငွေလွယ်ကူစွာရနိုင်☐ ချေးငွေ အသင့်အတင့်ရနိုင်☑ မဖြေဆိုပါ☐
သွင်းအားစု (မွေးမြူရေး အစာ၊ဆေးစသည်)ဈေးကွက်	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သွင်းအားစုများ ဝယ်ယူနိုင်သည် ☑ မဖြေဆိုပါ ☐
ဝန်ဆောင်မှု နှင့် နည်းပညာပံ့ပိုးမှု	နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူရနိုင်သည်။ ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☑ မဖြေဆိုပါ ☐
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည်☐ ထုတ်ကုန်များကို ရောင်းချနိုင်သည် ☑ မဖြေဆိုပါ ☐
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	အလုံအလောက်ရှိသည်☐ အသင့်အတင့်ရှိသည်☑မဖြေဆိုပါ☐
ငါးလုပ်ငန်း	
ငါး/ပုဖွန်မွေးမြူရန် ရေမြေအနေအထား	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☐ မဖြေဆိုပါ ☑
ငါး/ပုဖွန်သားပေါက် လက်လှမ်းမီမှု	လိုသလောက် လွယ်ကူစွာ ဝယ်ယူရရှိနိုင်သည်☐ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ☑
ချေးငွေ	လိုသလောက် လွယ်ကူစွာ ချေးငွေရရှိနိုင်သည်☐ ချေးငွေရနိုင်သည် ☐ မဖြေဆိုပါ ☑
သွင်းအားစု လက်လှမ်းမီမှု	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သွင်းအားစုများ ဝယ်ယူနိုင်သည် ☐ မဖြေဆိုပါ ☑
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူရနိုင်သည်။ ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐ မဖြေဆိုပါ☑
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင် သည်☐ ထုတ်ကုန်များကို ရောင်းချနိုင်သည်☐ မဖြေဆိုပါ☑
ငါးဖမ်းခွင့်ရရှိနိုင်မှု	လွယ်ကူသည်☐ အသင့်အတင့် လွယ်ကူသည် ☐ မဖြေဆိုပါ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ခမောင်းတောကျေးရွာတွင် မွေးမြူရေးအတွက် သွင်းအားစုများ လက်လမ်းမီခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ အိမ်ခြံဝင်းအတွင်းမြေနေရာ အသင့်အတင့် ရှိခြင်း၊ ထုတ်ကုန်များ ရောင်းချနိုင်ခြင်းတို့က မွေးမြူရေးအတွက် အခွင့်အလမ်းများဖြစ်ပေါ်စေပါသည်။

(၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့်အခက်အခဲများ	**ဖော်ပြချက်/ ရှင်းလင်းချက်** (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ဇယား ၂၀ နှင့် ၂၁ ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	စားကျက်မြေ ရှားပါးသည် ☐ စားကျက်မြေ လုံးဝမရှိပါ ☑ မဖြေဆိုပါ
ရေရရှိမှု	ရေ ရှားပါးသည်☐ ရေ လုံးဝမရှိပါ☐ မဖြေဆိုပါ ☑
မျိုးတိရစ္ဆာန်လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ မရနိုင်ပါ ☐ မျိုးကောင်းတိရစ္ဆာန်များ လုံးဝ ဝယ်ယူ မရပါ ☐ မဖြေဆိုပါ ☑
ချေးငွေ	ချေးငွေလွယ်ကူစွာ မရနိုင်ပါ ☐ ချေးငွေ လုံးဝ မရပါ ☐ မဖြေဆိုပါ ☑
သွင်းအားစု (မွေးမြူရေးအစာ၊ ဆေး စသည်) စျေးကွက်	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူ မရနိုင်ပါ ☐ သွင်းအားစုများ လုံးဝ ဝယ်ယူမရပါ ☐ မဖြေဆိုပါ ☑
ဝန်ဆောင်မှုနှင့် နည်းပညာပံ့ပိုးမှု	နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူမရနိုင်☑ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ မရပါ☐ မဖြေဆိုပါ ☑
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐ ထုတ်ကုန်များကို မရောင်းချနိုင်ပါ ☐ မဖြေဆိုပါ☑
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	အလုံအလောက်မရှိပါ ☐ လုံးဝ မရှိပါ ☐ မဖြေဆိုပါ☑
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန် ရေမြေအနေအထား	ရေမြေအနေအထား မကောင်းပါ ☐ မဖြေဆိုပါ ☑
ငါး/ပုဇွန်သားပေါက်လက်လှမ်းမီမှု	လိုသလောက် လွယ်ကူစွာ ဝယ်ယူမရပါ ☐ လုံးဝ ဝယ်ယူမရပါ ☐ မဖြေဆိုပါ ☑
ချေးငွေ	လိုသလောက် လွယ်ကူစွာ ချေးငွေမရပါ ☐ လုံးဝ ချေးငွေမရပါ ☐ မဖြေဆိုပါ ☑
သွင်းအားစု လက်လှမ်းမီမှု	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူမရပါ ☐ သွင်းအားစုများ ဝယ်ယူမရပါ ☐

ပြဿနာနှင့်အခက်အခဲများ	**ဖော်ပြချက်/ ရှင်းလင်းချက်** (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ဇယား ၂၀ နှင့် ၂၁ ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
	မဖြေဆိုပါ ☑
နည်းပညာ အကူ အညီနှင့် နည်းလမ်းများ	နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူ မရပါ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ မရပါ☐ မဖြေဆိုပါ ☑
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐ ထုတ်ကုန်များကို လုံးဝ မရောင်းချနိုင်ပါ ☐ မဖြေဆိုပါ ☑
ငါးဖမ်းခွင့် ရရှိနိုင်မှု	မလွယ်ကူပါ ☐ မဖြေဆိုပါ ☑

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

